# AYA VISA CREDIT CARD FAQs

## GENERAL

### ၁။ AYA VISA CREDIT CARD ဆိုသည်မှာ အဘယ်နည်း။

AYA VISA CREDIT CARD ဆိုသည်မှာ ပြည်တွင်း၊ပြည်ပသုံး အကြွေးဝယ်ကဒ် ဖြစ်ပါသည်။ ရောဝတီဘဏ်မှ Silver(ငွေ)၊ Gold(ရွှေ)၊ Platinum(ပလက်တီနမ်) စသည့် Credit Card (အကြွေးဂယ်ကဒ်) အမျိုးအစား သုံးမျိုးကို ဝန်ဆောင်မှု ပေးနေပါသည်။ ဤကဒ်များကို ပြည်တွင်းပြည်ပ နိုင်ငံပေါင်း ၂ဝဝ ကျော်ရှိ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဝန်ဆောင်မှု လုပ်ငန်းများတွင် ငွေပေးချေခြင်း၊ အင်တာနက်မှတဆင့် ဈေးဝယ်ခြင်း စသည်တို့အတွက် အသုံးပြုနိုင်ပြီး ကဒ်၏ သုံးစွဲနိုင်မှု ငွေပမာဏအား အတိုး ကင်းလွတ်ခွင့်ကာလ အများဆုံးရက်(၅ဝ)အထိ သတ်မှတ်ပေးထားပါသည်။

အခြားထူးခြားချက်များမှာ AYA VISA CREDIT CARD ကိုအသုံးပြု၍ဈေးဆိုင်များ၊စားသောက်ဆိုင်များနှင့်ဝန်ဆောင်မှုများအပေါ်အထူးလျှော့ဈေး (Discounts) များနှင့် အထူးအခွင့်အရေးများ (Deals) ရရှိနိုင်မည့်အပြင် နာမည်ကြီးဆိုင်များမှ Gift Voucher များစွာ ရရှိမည်ဖြစ်သည်။

### ၂။ ရောဝတီဘဏ်တွင် AYA VISA CREDIT CARD အမျိုးအစား မည်မျှရရှိနိုင်မည်နည်း။

ရောဝတီဘဏ်တွင် AYA VISA CREDIT CARD အမျိုးအစား (၃)မျိုးရရှိနိုင်ပါသည်။ ၎င်းမှာ Silver(ငွေ)၊ Gold(ရွှေ)၊ Platinum(ပလက်တီနမ်) တို့ဖြစ်ပါသည်။

### ၃။ AYA VISA CREDIT CARD ကို မည်သည့် ငွေအမျိုးအစားဖြင့် အသုံးပြုထားသနည်း။

AYA VISA CREDIT CARD ကို မြန်မာကျပ်ငွေ အမျိုးအစား အသုံးပြုထားပါသည်။ပြည်ပနိုင်ငံများတွင် အသုံးပြုပါက VISA မှ သတ်မှတ်ထားသော exchange rate ဖြင့် ပြောင်းလဲသတ်မှတ်ပါသည်။

### ၄။Credit Limit (ငွေသုံးစွဲနိုင်မှုပမာဏ)ဆိုသည်မှာအဘယ်နည်း။

ငွေသုံးစွဲနိုင်မှု ပမာဏ Credit Limit ဆိုသည်မှာ Credit Card ဖြင့် သုံးစွဲနိုင်သော ငွေကြေးပမာဏ ကို ဆိုလိုပါသည်။ ဆင့်ပွားကဒ်များပါ လျှောက်ထားခြင်းရှိပါက Main Card (အဓိကကဒ်) ၏ Credit Limit တစ်ခုထဲကိုသာမျှ၍ သုံးစွဲ နိုင်မည် ဖြစ်သည်။

## ၅။ payWave ဆိုသည်မှာ အဘယ်နည်း။

Visa payWave သည် လက်မှတ်ထိုးရန် (သို့) PIN No ရိုက်ထည့်စရာမလိုပဲ Tap လုပ်ပြီးပေးချေ နိုင်သည့်

အတွက် အသုံးပြုရ လွယ်ကူပြီး အချိန်ကုန် သက်သာသော နောက်ဆုံးပေါ် နည်းပညာတစ်ခုဖြစ်ပါသည်။

## ၆။ AYA VISA CREDIT CARD ၏ ထူးခြားချက်များနှင့် အကျိုးကျေးဇူးများကိုဖော်ပြပါ။

- (ပြည်တွင်း၊ပြည်ပ နိုင်ငံပေါင်း ၂၀၀ ကျော်ရှိ VISA အမှတ်တံဆိပ်ပါရှိသော ATM စက်များနှင့် ဆိုင်များတွင် အသုံးပြုနိုင်ခြင်း)
- Deposit ပေးသွင်းရန်မလိုပဲ လစာဝင်ငွေအထောက်အထားသာ လိုအပ်ခြင်း၊
- အတိုးကင်းလွတ်ခွင့်ကာလ အများဆုံးရက်(၅၀)အထိ ရရှိနိုင်ခြင်း၊
- မိသားစုဝင်များအတွက် ဆင့်ပွားကဒ် အများဆုံး (၄) ကဒ်အထိ လျှောက်ထားနိုင်ခြင်း၊
- SimplePay အရစ်ကျစနစ်ဖြင့် တစ်လလျှင် အတိုးနှုန်း (၁%) ဖြင့် ဝယ်ယူနိုင်ခြင်း၊
- AYA VISA CREDIT CARD ဖြင့်ငွေပေးချေရာတွင် အထူးလျှော့ဈေးများနှင့် ခံစားခွင့်များကိုရရှိနိုင်ခြင်း။

## ၇။ AYA VISA CREDIT CARD ကို မည်သူများလျှောက်ထားနိုင်သနည်း၊ လျှောက်ထားရန် မည်သည့် အချက်အလက်များ လိုအပ်သနည်း။

လျှောက်ထားသူသည် ၂၁ နှစ်ပြည့်ပြီးသော မြန်မာနိုင်ငံသား (သို့မဟုတ်) အမြဲတမ်း နေထိုင်ခွင့် ရရှိထားသူ ဖြစ်ရမည်။ AYA VISA CREDIT CARD သည် unsecured credit card အမျိုးအစား ဖြစ်သည့်အတွက် deposit ပေးသွင်းရန် မလိုပါ။ အနည်းဆုံး လစဉ်ဝင်ငွေ အထောက်အထား ကျပ်၁၅၀,၀၀၀ ရှိရမည်။ Gold (ရွှေ)၊ Platinum (ပလက်တီနမ်) Credit Card လျှောက်ထားရန်အတွက် အနည်းဆုံး လစဉ်ဝင်ငွေ ကျပ် ၅၀၀,၀၀၀ နှင့် ကျပ် ၂,၀၀၀,၀၀၀ ရှိရမည်။ အနည်းဆုံး လစဉ်ဝင်ငွေ သတ်မှတ်ချက်မှာ ဒေါဝတီဘဏ်၏ ဆုံးဖြတ်ချက်အရ အပြောင်းအလဲ ရှိနိုင်သည်။
လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ အပြောင်းအလဲ ရှိနိုင်ပါသည်။
လျှောက်ထားရန် အသေးစိတ် အချက်အလက်ကို www.ayabank.com တွင် သိရှိနိုင်ပါသည်။

## ၈။ ဆင့်ပွားကဒ်ဆိုသည်မှာ အဘယ်နည်း။

ဆင့်ပွားကဒ်ဆိုသည်မှာ အဓိကကဒ် ကိုင်ဆောင်သူ၏ Credit Limit ကို မိသားစုဝင်များမှ၍ သုံးစွဲနိုင်သော

ကဒ်အမျိုးအစားဖြစ်ပါသည်။

**၉။ AYA VISA CREDIT CARD လျှောက်ထားသူတစ်ဦးသည် အများဆုံးဆင့်ပွားကဒ်မည်မျှလျှောက်ထားနိုင်သနည်း။**

AYA VISA CREDIT CARD လျှောက်ထားသူတစ်ဦးသည် မိမိ ငွေစာရင်းတစ်ခုအတွက် ဆင့်ပွားကဒ် (၄) ကဒ်အထိ လျှောက်ထားမှုဝေသုံးစွဲနိုင်သော်လည်း ငွေစာရင်းရှင်းတမ်းအားလုံးကို မူလ/အဓိကတာဝန်ယူပေး ချေရမည်ဖြစ်ပါသည်။

**၁၀။ ဆင့်ပွားကဒ်ကို မည်သူများ လျှောက်ထားနိုင်သနည်း။**

ဆင့်ပွားကဒ်လျှောက်ထားသူသည် မိမိ၏ သုံးစွဲနိုင်သော ငွေပမာဏကို မိမိ၏ သွေးသားရင်းခြာ (အနည်းဆုံး အသက် ၁၆ နှစ် ရှိရမည့်) မိသားစုဝင်များနှင့် မျှဝေသုံးစွဲနိုင်ရန် ဆင့်ပွားကဒ်များကို လျှောက်ထားနိုင်ပါသည်။

## AYA VISA CREDIT CARD လျှောက်ထားခြင်း

**၁။ AYA VISA CREDIT CARD ကို မည်သို့ လျှောက်ထားနိုင်သနည်း။**

AYA Visa Credit Card ကို နီးစပ်ရာ ရောဝတီဘဏ်ခွဲများတွင် လိုအပ်သော စာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။ ဆင့်ပွားကဒ် အတွက် ပထမ Credit Card လျှောက်လွှာ နှင့်အတူ လျှောက်ထားနိုင်သလို ရောဝတီဘဏ်ခွဲများတွင်လည်း နောက်မှ သီးသန့် လျှောက်ထားနိုင်သည်။

**၂။ AYA VISA CREDIT CARD လျှောက်လွှာကို စီစစ်ရန် အချိန်မည်မျှကြာနိုင်သနည်း။**

AYA VISA CREDIT CARD လျှောက်လွှာပေါ်တွင် မူတည်၍ စီစစ်ချိန် ကွာခြားနိုင်ပါသည်။ ပြည့်စုံပြီး လျှောက်လွှာ နှင့် စာရွက်စာတမ်းများကို စီစစ်ရန် အတွက် (၁၄) ရက် အထိ ကြာမြင့်နိုင်ပါသည်။

**၃။ မိမိ လျှောက်လွှာအဖြေကို မည်သို့သိရှိနိုင်သနည်း။**

AYA VISA CREDIT CARD လျှောက်လွှာအဖြေကို ရောဝတီဘဏ်မှ ဆက်သွယ် အကြောင်းကြား ပေးမည် ဖြစ်ပါသည်။ Customer Service ဖုန်းနံပါတ် ০၁- ၂၃၁ ၇၇၇၇ ကိုလည်း ဆက်သွယ်စုံးစမ်းနိုင်ပါသည်။

**၄။ AYA VISA CREDIT CARD ကို နိုင်ငံခြားသားများလျှောက်ထားလို့ ရနိုင်ပါသလား။**

လက်ရှိတွင် AYA VISA CREDIT CARD ကို နိုင်ငံခြားသားများ လျှောက်လို့ မရသေးပါ။

**၅။ AYA VISA CREDIT CARD လျှောက်ထားရန် ကုန်ကျငွေမည်မျှရှိသနည်း။**

AYA VISA CREDIT CARD ကို အခမဲ့ လျှောက်ထားနိုင်ပါသည်။

**၆။ လျှောက်ထားရန် မည်သည့်အချက်အလက်များ လိုအပ်သနည်း။**

ဤ လျှောက်လွှာကို အချိန်မီစိစစ်နိုင်ပါရန်

- ရပ်ကွက်ထောက်ခံစာ(မူရင်း)
- အိမ်ထောင်စုစာရင်း (မိတ္တူ)
- မှတ်ပုံတင်မိတ္တူ(ရှေ့/နောက်)
- ထောက်ခံသူများ၏ မှတ်ပုံတင်မိတ္တူများ
  (ရောဂတီဘဏ်တွင် ၃ လ နှင့် အထက် ဘဏ်အကောင့် ဖွင့်လှစ်ထားပြီးဖြစ်ပါက ထောက်ခံသူ တစ်ဦး)
- ဓါတ်ပုံ (၂)ပုံ နှင့် အောက်ပါစာရွက်စာတမ်းများဖြင့် အနီးစပ်ဆုံးရောဝတီဘဏ်ခွဲတွင်
ကိုယ်တိုင်လျှောက်ထားပေးပါရန်။

Employee – 1. ပြီးခဲ့သော သုံးလမှလစာငွေ ဖြတ်ပိုင်း

2. ဘဏ်စာရင်းရှင်းတမ်း

3. ဝန်းထမ်းဖြစ်ကြောင်းထောက်ခံချက်

Self-Employed - 1. လုပ်ငန်းလိုင်စင်

2. ဘဏ်စာရင်းရှင်းတမ်း (၃)လစာ

3. အခြားဝင်ငွေအထောက်အထားများ

Retiree- 1. ပိုင်ဆိုင်မှုအထောက်အထားပြ စာရွက်စာတမ်းများ

2. ပင်စင်စာအုပ်

3. အခြားဝင်ငွေအထောက်အထားများ

**၇။ မည်သည့်အကြောင်းကြောင့် AYA VISA CREDIT CARD လျှောက်ထားခြင်း မအောင်မြင်ရသနည်း။**

- လျှောက်လွှာ ပြီးပြည့်စုံမှုမရှိခြင်း။
- ကိုယ်ရေးအချက်အလက် မှားယွင်းခြင်း။
- စာရွက်စာတမ်းမပြည့်စုံခြင်း။
- ဘဏ်မှ ချမှတ်ထားသော Credit Policy နှင့်မကိုက်ညီခြင်း

  အစရှိသည်တို့ ကြောင့် AYA VISA CREDIT CARD လျှောက်ထားခြင်း မအောင်မြင်နိုင်ပါ။

## CARD ACTIVATION ပြုလုပ်ခြင်း

**၁။ ကဒ်ကိုမည်သို့ စတင်Activate လုပ်ရမည်နည်း။**

ကဒ်စတင်အသုံးပြုနိုင်ရန် Activate လုပ်ရပါသည်။ မိမိကဒ်၏ ကိုယ်ပိုင် PIN နံပါတ်ဖြင့် Card ကို Activate လုပ်ရန်အတွက် ရောဝတီဘဏ်မှ ဝန်ထမ်းများမှ ကူညီပါမည်။ ကဒ်ရရှိပြီးလျှင် ကဒ်၏ နောက်ကျောဘက်တွင် ပါရှိသည့် လက်မှတ် ရေးထိုးရမည့် နေရာတွင် ချက်ချင်းလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

**၂။ PIN ဆိုသည်မှာအဘယ်နည်း။**

PIN ဆိုသည်မှာ ATM, POS နှင့် Online Transactions များပြုလုပ်ရန်အတွက် လုံခြုံရေးဆိုင်ရာ လျှို့ ဝှတ်နံပါတ် ဖြစ်ပါသည်။

**၃။ AYA VISA CRDIT CARD ကို နောက်မှ activate လုပ်လို့ ရပါသလား။**

ဟုတ်ကဲ့ ရပါသည်။ Activate မလုပ်ရသေးလျှင် အသုံးပြုနိုင်မည်မဟုတ်ပါ။ ဖြစ်နိုင်လျှင် အမြန်ဆုံး activate လုပ်စေချင်ပါသည်။

**၄။ PIN နံပါတ် ကိုမည်သို့ ပြောင်းရမည်နည်း။**

၀၁-၂၃၁၇၇၇၇ သို့ ဖုန်းဆက်ပြီး (သို့) နီးစပ်ရာ ရောဝတီဘဏ်ခွဲတွင်  activate လုပ်ပြီးလျှင် AYA Bank ၏ ATM စက်များတွင် PIN    နံပါတ်ပြောင်းနိုင်ပါသည်။

၅။ Credit Card ၏ ဂဏန်းခြောက်လုံးပါသောPIN နံပါတ် မမှတ်မိတော့လျှင် PIN နံပါတ်အသစ် မည်ကဲ့သို့ရရှိနိုင်မည်နည်း။

PIN နံပါတ်အသစ်ကို နီးစပ်ရာ ရောဝတီဘဏ်ခွဲများတွင် မှတ်ပုံတင်နှင့် Credit Card ယူဆောင်ပြီး ရယူနိုင်ပါသည်။ PIN နံပါတ်အသစ် ဝန်ဆောင်မှုအတွက် (၄)ရက်ကြာမြင့်နိုင်ပြီး အခကြေးငွေရှိမည် ဖြစ်သည်။

## ကဒ်အသုံးပြုခြင်း

၁။ AYA VISA CREDIT CARD ကို မည်သည့်နေရာတွင် အသုံးပြု၍ ရရှိနိုင်သနည်း။

ပြည်တွင်း ပြည်ပ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဝန်ဆောင်မှု လုပ်ငန်းများတွင် ငွေပေးချေခြင်း၊ အင်တာနက်မှတဆင့် ဈေးဝယ်ခြင်း စသည်တို့အတွက် အသုံးပြုနိုင်ပါသည်။

၂။AYA VISA CREDIT CARD ၏ သက်တမ်းမှာ မည်မျှရှိသနည်း။

AYA VISA CREDIT CARD သည် စတင် ထုတ်ယူသည့် နေ့ရက်မှ (၅) နှစ်ကြာ သက်တမ်းရှိပြီး သက်တမ်းကုန်ဆုံးရက်ကို သင့်Credit Card ပေါ်တွင် ဖော်ပြထားပါသည်။ ရောဝတီဘဏ်မှ ချမှတ်ထားသော စည်းကမ်းချက်များအတိုင်း သုံးစွဲခဲ့ပါက အလိုအလျောက် ကဒ်သက်တမ်း တိုးပေးသွားမည်ဖြစ်သည်။

## PAYMENT & SETTLEMENT ပြန်လည် ပေးချေခြင်း

၁။ AYA VISA CREDIT CARD ကို မည်သည့် အချိန်တွင် ငွေပြန်လည်ပေးဆပ်ရမည်နည်း။

သင်၏ email သို့ ငွေစာရင်းရှင်းတမ်း(e- statement) ကို လစဉ်လကုန်ရက် (၃၀)ရက်နေ့ တွင် ပေးပို့ ပေးပါမည်။ သင်သည် (e-statement) ရပြီး နောက်ထပ် ရက်(၂၀) အတွင်း ငွေပြန်လည်ပေးဆပ်ရပါမည်။

## ၂။အတိုးကင်းလွတ်ခွင့်ကာလ (Interest Free Period ) ကိုရှင်းပြပါ။




သင့်ရှင်းတမ်းသည် ဩဂုတ်လ (၁)ရက်နေ့ကစပြီး ဩဂုတ် (၃၀)ရက်နေ့မှာ ဆုံးသည်ဆိုလျှင် ဩဂုတ်လ (၃၀)ရက်နေ့မှစ၍ နောက်ထပ် အပိုရက် (၂၀) အတွင်း (စက်တင်ဘာ ၂၀ ရက်နေ့အထိ) စက်တင်ဘာ ရှင်းတမ်းထဲတွင် ဖော်ပြထားသော Credit  Card စုစုပေါင်းသုံးစွဲမှုကို အပြည့်အဝ အကြွေးပြန်လည် ပေးဆပ်ပါက အတိုးကောက်ခံခြင်းမရှိပါ။

ဥပမာ- သင်သည် ဩဂုတ်လ (၁၀)ရက်နေ့တွင် ဈေးဝယ်လျှင် ရှင်းတမ်းပိတ်သည့်ရက် (Statement Date ဩဂုတ်လ ၃၀ရက်) အထိ ရက်(၂၀) အပိုရသည့်အပြင် ငွေပေးချေရက် Due Date (စက်တင်ဘာ ၂၀) ရောက်သည်အထိ နောက်ထပ် ရက်(၂၀) အတိုး ကင်းလွတ်မည် ဖြစ်ပါသည်။ထို့ကြောင့် အတိုးကင်းမဲ့ကာလမှာ စုစုပေါင်း ရက် (၄၀) ခံစားရမည် ဖြစ်ပါသည်။

## ၃။ AYA VISA  CREDIT CARD လစဉ်Bill များကိုမည်သို့ပေးဆပ်ရမည်နည်း။

အောက်ပါ မိမိ နှစ်သက်ရာ လစဉ်Bill ပေးချေနည်းဖြင့် ပြန်လည်ပေးဆပ်နိုင်ပါသည်။

**ATM Payment:** လတ်တလောတွင် သင်၏ အခြားသော ရောဝတီဘဏ် ငွေစာရင်းမှ သင့် Credit Card ငွေစာရင်းထဲသို့ ငွေလွှဲနိုင်သည့် ဝန်ဆောင်မှု မရရှိနိုင်သေးသော်လည်း သင်၏ ငွေသုံးစွဲနိုင်မှုပမာဏ (Credit Limit) ကို ATM မှတစ်ဆင့် ကြည့်ရှု စစ်ဆေးနိုင်ပြီ ဖြစ်သည်။

**Internet Banking နှင့် Mobile Banking:** ရောဝတီဘဏ်၏ အင်တာနက် နှင့် မိုဘိုင်းဖုန်း ဘဏ်စနစ်များကို အသုံးပြုခြင်းဖြင့် သင့်ရောဝတီဘဏ်စာရင်းမှ Credit Card စာရင်းသို့ ငွေလွှဲ၍ ၂၄ နာရီ/၇ရက်ပတ်လုံး ပေးချေနိုင်ပါသည်။

**ရောဝတီဘဏ်ခွဲများ:** ရောဝတီဘဏ်ခွဲများတွင်လည်း ဘဏ်ဖွင့်ချိန်/ရက်များတွင် ငွေသား (သို့) ချက်လက်မှတ် ဖြင့် ပေးချေနိုင်သည်။ ဆက်စပ်ရာ အရောင်းဆိုင်များတွင်လည်း ငွေသားဖြင့် ပေးချေနိုင်သည်။

### ၄။ အနည်းဆုံးငွေပေးဆပ်ရမည့်ငွေပမာဏ (Minimum Payment)ကိုရှင်းပါ။

အနည်းဆုံး ငွေပေးဆပ်ရမည့် ငွေပမာဏ ဆိုသည်မှာ ငွေပေးဆပ်ရမည့် ရက် (Due Date) တွင် ပေးဆပ်ရမည့် အနည်းဆုံး ငွေပမာဏ ဖြစ်သည်။ ထိုပေးဆပ်ရမည့် ပမာဏသည် ၁၀,၀၀၀ကျပ် ဖြစ်စေ (သို့) ပေးဆပ်ရမည့် ပမာဏ စုစုပေါင်း၏ ၁၀% ဖြစ်စေ (ပိုများသည့် ပမာဏ) ကို အနည်းဆုံး ပေးဆပ်ရမည့် ငွေပမာဏကိုသာ ပေးချေပါက သတ်မှတ်ထားသော အတိုးနှုန်းနှင့် Penalty Fee (1%) ကောက်ခံသွားပါမည်။

### ၅။ နောက်ကျကြေး (Late Fee)သည် မည့်သည့်အချိန်မျိုးတွင် အကျုံးဝင်သနည်း။

လစဉ် ငွေပေးချေရက်များတွင် အနည်းဆုံး ပေးချေရမည့် ငွေပမာဏ ကို ပေးချေခြင်းမရှိပါက ထိုလအတွက် ပေးချေ ရန်ကျန်ရှိ ငွေပမာဏအပေါ်တွင် နောက်ကျကြေး တစ်လလျှင် ၂ % ကောက်ခံမည် ဖြစ်သည်။ နောက်ကျကြေး ကောက်ခံခြင်း မရှိစေရန် လစဉ်ရှင်းတမ်း အပေါ်တွင် ဖော်ပြထားသော အနည်းဆုံး ပေးချေရမည့် ငွေပမာဏကို သတ်မှတ်ပေးချေရက်တွင် ပေးချေရမည် ဖြစ်သည်။

### ၆။ ဒဏ်ကြေး (Penalty Fee) သည် မည်သည့်အချိန်တွင် အကျုံးဝင်သနည်း။

ပေးဆောင်ရမည့် ငွေစုစုပေါင်းကို Due Date (ပေးဆောင်ရမည့်ရက်) တွင် ပေးချေခြင်းမရှိပါက စုစုပေါင်း ပေးချေရန် ကျန်ရှိနေသော ငွေပမာဏ စုစုပေါင်း တစ်လလျှင် ၁ % ကောက်ခံမည် ဖြစ်သည်။

### ၇။ မိမိကဒ်၏သုံးစွဲနိုင်မှုငွေပမာဏကျော်ကြေးကို မည်သည့်အခါတွင် ပေးဆောင်ရသနည်း။

သုံးစွဲနိုင်သည့် ငွေကြေးပမာဏကို ကျော်လွန်သုံးစွဲသည့် အခါတိုင်း ကျော်လွန်သုံးစွဲသည့် ငွေပမာဏ အပေါ်တွင် ၃ % ကို Credit Limit ကျော်ကြေးအဖြစ် ကောက်ခံမည် ဖြစ်သည်။ Credit Limit မိမိသုံးစွဲနိုင်မှု ငွေပမာဏ ကျော်သော ငွေပမာဏကို နောင်လတွင် minimum payment နှင့်အတူ ချက်ချင်း ပေးဆောင်ရမည် ဖြစ်သည်။

**၈။ အနည်းဆုံးပေးချေရမည့် ငွေပမာဏ (၁၀%) မပေးဆောင်ပါက ဘာကြောင့် မည်သို့ ဆောင်ရွက်မည်နည်း။**

သတ်မှတ်ထားသော ငွေပေးချေရမည့်ရက်တွင် အနည်းဆုံး ပေးချေရမည့် ငွေပမာဏ (Minimum Payment) ကို မပေးဆပ်ဖြစ်ခဲ့လျှင် ထိုရက်မှစ၍ ပေးချေရမည့် ငွေပမာဏ စုစုပေါင်းအပေါ်တွင် လစဉ်အတိုးအပြင် Penalty Fee နှင့်Late Fee ကောက်ခံသွားမည် ဖြစ်သည်။ ခရီးကြာကြာသွားမည်ဆိုပါက လစဉ် အနည်းဆုံး ပေးချေရမည့် ငွေပမာဏကို ပေးဆပ်ရမည့် ရက်မတိုင်ခင် ကြိုတင်ပေးချေရန် တိုက်တွန်းလိုပါသည်။ သို့မဟုတ် သင့်အစား အခြား တစ်ယောက်ကို ပေးချေစေနိုင်ပါသည်။ အကယ်၍ ပေးချေမှု မရှိခဲ့လျှင် သင်၏ အကြွေးအကဲဖြတ်မှု မှတ်တမ်းကို ထိခိုက်နိုင်မည် ဖြစ်ပါသည်။

**၉။ ငွေကြိုထုတ်ခ(Cash Advance) ကိုရှင်းပါ။တစ်ကြိမ်လျှင်မည်မျှအများဆုံးထုတ်ယူနိုင် သနည်း။**

Credit Card မှ ငွေကြိုထုတ်ခြင်းတွင် ထုတ်ယူသော ငွေပမာဏ၏ (၆%) သို့မဟုတ် ငွေကျပ် (၂၀၀၀) (ပိုများသည့်ပမာဏ) ကို ငွေကြိုထုတ်ခအဖြစ် ကောက်ခံပါသည်။ ငွေကြိုထုတ်ခကို လည်း ငွေကြိုထုတ်သည့် ရက် တွင် ထုတ်သည့် ငွေနှင့်အတူ ဖော်ပြသွားမည် ဖြစ်သည်။ ငွေထုတ်ယူသည့်နေ့ မှစတင်ပြီး အတိုးစတင် ကောက်ခံပါမည်။ Credit Limit ၏ ၃၀% အထိ ကြိုထုတ်ငွေအဖြစ် ထုတ်နိုင်သည်။

**၁၀။ ဆင့်ပွားကဒ်ကိုင်ဆောင်သူမှငွေပေးဆပ်ခြင်းမရှိလျှင်Credit Cardသုံးစွဲမှု အတွက်မည်သူမှတာဝန်ယူ ပေးဆောင်ရမည်နည်း။**

မူရင်းကဒ် ကိုင်ဆောင်သူသည်သာလျှင် မိမိကဒ်စာရင်းရှိ ကဒ်အားလုံး၏ သုံးစွဲမှု စုစုပေါင်း ငွေပမာဏ အားလုံး အတွက် တာဝန်ယူ ပေးဆောင်ရမည် ဖြစ်ပါသည်။

## AYA VISA CREDIT CARD ပျောက်ဆုံးခြင်း၊ခိုးယူခံရခြင်း၊အသစ်လျှောက်ခြင်း

**၁။ AYA VISA CREDIT CARD ဖြင့် ငွေပေးချေရာတွင် မည်သည့်အကြောင်းကြောင့် မအောင်မြင်ရသနည်း။**

အောက်ပါအကြောင်းအရာများကြောင့် AYA VISA CREDIT CARD ဖြင့် ငွေပေးချေမှု မအောင်မြင်နိုင်ပါ။

- ကဒ် activate မပြုလုပ်ရသေးခြင်း။
- PIN နံပါတ် မှားယွင်းခြင်း။
- Online ငွေပေးချေမှုတွင် expiry date မှားယွင်းစွာ ထည့်သွင်းမိခြင်း။
- Online ငွေပေးချေမှုတွင် CVVII နံပါတ် မှားယွင်းစွာ ထည့်သွင်းမိခြင်း။
- ATM နှင့် OPS များတွင် သတ်မှတ်ထားသည့် ငွေပမာဏထက် ပိုမိုအသုံးပြုခြင်း။

## ၂။ AYA VISA CREDIT CARD ကဒ်သက်တမ်းကုန်ဆုံးပါကမည်သို့အသစ်ပြန်လည်လျှောက်နိုင်သနည်း။

AYA VISA CREDIT CARD သည် စတင် ထုတ်ယူသည့် နေ့ရက်မှ (၅) နှစ်ကြာ သက်တမ်းရှိပြီး သက်တမ်းကုန်ဆုံး ရက်ကို သင့် Credit Card ပေါ်တွင် ဖော်ပြထားပါသည်။ ဧရာဝတီဘဏ်မှ ချမှတ်ထားသော စည်းကမ်းချက်များအတိုင်း သုံးစွဲခဲ့ပါက အလိုအလျောက် ကဒ်သက်တမ်း တိုးပေးသွားမည်ဖြစ်သည်။ ပြောင်းလဲလိုသော အချက်အလက်များအား မိမိလျှောက်ထားခဲ့သော ဘဏ်ခွဲသို့ ပြန်လည်ပေးပို့ ရပါမည်။

## ၃။ AYA VISA CREDIT CARD ပျောက်ဆုံးခြင်း(သို့မဟုတ်)အခိုးခံရခြင်းဖြစ်ပွားခဲ့ပါက မည်သို့ဆောင်ရွက်ရမည်နည်း။

AYA VISA CREDIT CARD ပျောက်ဆုံးခြင်း (သို့မဟုတ်) အခိုးခံရခြင်း ဖြစ်ပွားခဲ့ပါက ၀၁ ၂၃၁ ၇၇၇၇ ကို ချက်ချင်း ဆက်သွယ် အကြောင်းကြားနိုင်ပါသည်။ သို့မဟုတ် နီးစပ်ရာ ဧရာဝတီဘဏ်ခွဲများသို့ လည်း အကြောင်းကြား နိုင်သည်။ ဧရာဝတီဘဏ်မှ Credit Card အဟောင်းကို ပိတ်သိမ်းမည်ဖြစ်ပြီး ကဒ်အသစ်ကို (၃) ရက် မှ (၅) ရက် အတွင်း ထုတ်ပေးမည် ဖြစ်သည်။ ကဒ်သုံးစွဲရာတွင် ငွေဖြတ်မရတော့ပါက PIN နံပါတ်မှားယွင်းခြင်း၊ သင်မမှတ်မိသော၊ မသိထားသော ငွေပေးချေမှုများ ရှိနေခြင်းတို့ ဖြစ်နေနိုင်ပါသဖြင့် ဧရာဝတီဘဏ်သို့ ဆက်သွယ် မေးမြန်းနိုင် ပါသည်။

## ၄။ ကဒ်ပိုင်ဆိုင်သူမှမသိရှိလိုက်သောသုံးစွဲမှုများ(transactions)မှုများအတွက်တာဝန်ရှိပါ သလား။

AYA VISA CREDIT CARD သုံးစွဲသူသည် အသုံးပြုထားသော ငွေပေးချေမှု အားလုံးအတွက် တာဝန်ရှိပါသည်။ ထို့ကြောင့် AYA VISA CREDIT CARD ပျောက်ဆုံးခြင်း၊ PIN နံပါတ်ပေါက်ကြားခြင်း (သို့မဟုတ်) အခိုးခံရခြင်းရှိပါက ဧရာဝတီဘဏ်သို့ အကြောင်းမကြားမီ အသုံးပြုထားသော ငွေပေးချေမှုများနှင့် ကျသင့်ငွေပမာဏအတွက် တာဝန်ရှိမည် ဖြစ်သည်။ ဧရာဝတီဘဏ်သို့ အကြောင်းကြားပြီးသည့် အချိန်မှစပြီးနောက်ပိုင်း ငွေပေးချေမှုများကို ဘဏ်မှ ဖြေရှင်းပေးမည် ဖြစ်ပါ သည်။

## ၅။ AYA Visa Credit Card သုံးစွဲမှုရပ်ဆိုင်းလိုပါကမည်ကဲ့သို့ဆောင်ရွက်ရမည်နည်း။

မိမိ AYA VISA CREDIT CARD ကို နှစ်ပိုင်းဖြတ်ပြီး နီးစပ်ရာ ဧရာဝတီဘဏ်ခွဲသို့ မှတ်ပုံတင် နှင့်တကွ လူကိုယ်တိုင် သွားရောက်၍ AYA VISA CREDIT CARD Account ကိုပိတ်နိုင်ပါသည်။

# Fees and Charges

## ၁။ AYA VISA CREDIT CARD ၏ နှုန်းထားများနှင့်အဖိုးအခငွေများကိုဖော်ပြပါ။

| | | |
|---|---|---|
| Interest Free Period | Up to 50 days interest free period. | အတိုးကင်းလွတ်ခွင့်ကာလမှာ ရက်ပေါင်း ၅၀ အထိ ဖြစ်ပါသည်။ |
| Interest on purchases | 1.08% per month if full payment has not been made by payment due date. | အတိုးနှုန်းမှာ တစ်လလျှင် ၁.၀၈ ရာခိုင်နှုန်း ဖြစ်သည်။ |
| Over limit Fee | A one time charge of 3% on over limit amount due. | သုံးစွဲနိုင်သည့် ငွေကြေးပမာဏကို ကျော်လွန်သုံးစွဲသည့် အခါတိုင်း ကျော်လွန်သုံးစွဲသည့် ငွေပမာဏ အပေါ်တွင် ၃ ရာခိုင်နှုန်းကို Over Limit Fee အဖြစ် တစ်ကြိမ် ကောက်ခံမည် ဖြစ်သည်။ |
| Penalty fee | Charge of 1% on total due amount occurs if the full payment is not received by due date. | ငွေပေးဆောင်ရမည့်ရက် (Due Date)တွင် ငွေအပြည့်အဝပေးချေခြင်း (Full Payment) မရရှိသေးပါက ပေးဆောင်ရန် ကျန်ရှိနေသော ငွေပမာဏ ပေါ်တွင် တစ်လလျှင် Pentaly Fee ၁ရာခိုင်နှုန်း ထည့်သွင်းကောက်ခံပါသည်။ |
| Late Fee | 2% on outstanding balance if minimum payment has not been made by due date. | ငွေပေးဆောင်ရမည့်ရက် (Due Date)တွင် အနည်းဆုံးပေးချေရမည့် ငွေပမာဏ (Minimum Payment) မရရှိသေးပါက ပေးဆောင်ရန် ကျန်ရှိနေသေးသော ငွေပမာဏ အပေါ်တွင် တစ်လလျှင် Late Fee ၂ ရာခိုင်နှုန်း ထည့်သွင်းကောက်ခံပါသည်။ |
| Lost/stolen card replacement fee | Ks.10,000 processing fee will incur in case of lost/stolen cards. | AYA VISA CREDIT CARD ပျောက်ဆုံးခြင်း (သို့မဟုတ်) အခိုးခံရခြင်းရှိပါက ကဒ်အသစ် လျှောက်ထားရန် ကျပ် ၁၀,၀၀၀ ကျသင့်ပါသည်။ |
| PIN replacement fee | Ks. 1,000 processing fee will incur to reset your 6 digit PIN. | PIN နံပါတ် အသစ်လျှောက်ထားရန် ကျပ် ၁,၀၀၀ ကျသင့်ပါသည်။ |
| Liability for Lost/Stolen Card | In case card gets lost or stolen, the cardholder must immediately notify the bank. Please call us at 09420055582 or visit the nearest branch. | AYA VISA CREDIT CARD ပျောက်ဆုံးခြင်း (သို့မဟုတ်) အခိုးခံရခြင်း ဖြစ်ပွားခဲ့ပါက ၀၁-၂၃၁၇၇၇၇ ကို ချက်ချင်း ဆက်သွယ် အကြောင်းကြားနိုင်ပါသည်။ သို့မဟုတ် နီးစပ်ရာ ရောဝတီဘဏ်ခွဲများသို့လည်း အကြောင်းကြားနိုင်သည်။ |
| ATM Withdrawal Charges (Cash Advace Fee) | Local (via AYA ATM)<br>6% of withdrawal amount<br>Local (via other Bank ATM)<br>(6% + Other Bank Charges)<br>Oversea ATM<br>(6% + Oversea Bank Charges)<br>(Minimum 1000 Ks)<br><br>ငွေထုတ်ယူသည့်ရက်မှစ၍ တစ်လလျှင် အတိုးနှုန်း ၁.၀၈% ကောက်ခံပါမည်။ | **Annual Card Fees (Main Card)**<br>An annual fee of - AYA Silver – Ks. 20,000<br>AYA Gold – Ks. 60,000<br>AYA Platinum – Ks. 120,000<br>နှစ်စဉ်ကြေး – AYA Silver – ၂၀,၀၀၀ ကျပ်<br>AYA Gold – ၆၀,၀၀၀ ကျပ်<br>AYA Platinum – ၁၂၀,၀၀၀ ကျပ်<br><br>**Annual Card Fees (Supplementary Card)**<br>An annual fee of - AYA Silver – Ks. 9,000<br>AYA Gold – Ks. 25,000<br>AYA Platinum – Ks. 60,000<br>နှစ်စဉ်ကြေး – AYA Silver – ၉,၀၀၀ ကျပ်<br>AYA Gold – ၂၅,၀၀၀ ကျပ်<br>AYA Platinum – ၆၀,၀၀၀ ကျပ် |

Fees and Charges ပြောင်းလဲမှုများကို www.ayabank.com တွင်အချိန်နှင့် တစ်ပြေးညီ ကြေငြာပေးသွားပါမည်။

## ၂။ ပြည်တွင်းပြည်ပနိုင်ငံများရှိ POS စက်များတွင် ငွေပေးချေပါက အခြား Fees and Charges များ ထပ်မံကောက်ခံပါသလား။

ပြည်တွင်းရှိ VISA Card လက်ခံရာ POS စက်များတွင် အသုံးပြုပါက အခြား Fees and Charges မရှိပါ။ သို့သော် ပြည်ပရှိ VISA Card လက်ခံရာ POS စက်များတွင် အသုံးပြုပါက ငွေကြေးမတူညီသော နိုင်ငံများတွင် အသုံးပြုသည့်အတွက် Cross Currency Mark-up Fees 3% ကျသင့်မှာဖြစ်ပါတယ်။

**၃။ ငွေကြိုထုတ်ခ (Cash Advance Fee) ကို ပြည်ပနိုင်ငံများတွင် ထုတ်ယူလျှင် မည်မျှကောက်ခံမည်နည်း။**

AYA VISA CREDIT CARD ဖြင့် ပြည်ပရှိ ATM စက်များတွင် ငွေထုတ်မည်ဆိုပါက AYA Bank မှ ဝန်ဆောင်ခအနေဖြင့် ငွေထုတ်ယူခ၏ 6%၊ နိုင်ငံခြားဘဏ်မှ ကောက်ခံသောငွေ နှင့် ငွေကြေးမတူညီသော နိုင်ငံများတွင် အသုံးပြုသည့်အတွက် Cross Currency Mark-up Fees 3% တို့ကျသင့်မှာဖြစ်ပါတယ်။ ထို့ကြောင့် POS စက်များတွင်သာ အသုံးပြုသင့်ပါသည်။

**၄။ AYA VISA CRDEIT CARD ၏ ငွေပြန်လည်ပေးဆပ်ရမည့် ငွေစာရင်းရှင်းတမ်းကို သိရှိရန်အတွက် Charges ကောက်ခံပါသလား။**

AYA VISA CREDIT CARD ၏ ငွေပြန်လည်ပေးဆပ်ရမည့် ငွေစာရင်းရှင်းတမ်း ကို email ဖြင့်ပေးပို့လျှင် ဘဏ်မှ Charges မရှိပါ။ ဘဏ်ခွဲတွင် ထပ်မံ Statement ထုတ်ယူလျှင် Charges မှာ (၁,၀၀၀) ကျပ် ကောက်ခံသွားမည်ဖြစ်သည်။

**၅။ Balance Inquiry ကို စစ်ဆေးပါက ဝန်ဆောင်မှု မည်မျှ ပေးရမည်နည်း။**

AYA ATM စက်များတွင် Balance Inquiry ကို စစ်ဆေးပါက ဝန်ဆောင်ခကောက်ခံခြင်းမရှိပါ။